easternhealth
GREAT HEALTH AND WELLBEING

# အသည်းရောင်ရောဂါ ပိုးဘီ ဆိုတာ ဘာလဲ။

အသည်းရောင်ရောဂါ ပိုးဘီ သည် ဗိုင်းရပ်စ်ပိုး တစ်ခုဖြစ်ပြီး အသည်းရောင်ကိုင်းလာအောင် ဖြစ်ဆေါ်စေသည်။ နှစ်အတန်ကြာ လာသည့်အခါ၊ အသည်းရောင်ရောဂါ ပိုးဘီ သည် အသည်းကိုအကြီးအကျယ် ဖျက်ဆီးနိုင်ပါ သည်၊ အသည်းကင်ဆာကိုလည်း ဖြစ်စေသည်။ အသည်းရောင်ရောဂါ ပိုးဘီသည် တစ်သက်လုံးဖြစ်သွားမည့် ရောဂါဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးတွင် အသည်းရောင်ရောဂါ ပိုးဘီ ကူးစက်ခံရသည့် လူပေါင်း သန်း 350 ခန့် ရှိပါသည်။

အသည်းရောင်ရောဂါ ပိုးဘီ သည် သွေးမှသွေးသို့ထိတွေ့ရာမှ နှင့် ကိုယ်ခန္ဓာထွက်အရည်များမှ တဆင့်ကူးစက်ပါ သည်။

လူအများအပြားသည် အသည်းရောင်ရောဂါ ပိုးဘီ ကိုငှင်းတို့၏မိခင်ကိုယ်ဝန်ဆောင်စဉ်အတွင်း သို့မဟုတ် ငှင်း တို့ ငယ်ရွယ် သည့်အချိန်အတွင်း ရောဂါရရှိခဲ့ကြသည်။

သင့်အနေဖြင့် ဗိုင်းရပ်စ်ပိုးကို ဘိန်းဖြူ၊ ပိုးသတ်ထားခြင်းမရှိသည့်ဆေးဘက်လုပ်နည်းများ၊ ပိုးသတ်မထားသော ကိရိယာဖြင့် ဆေးမှင်ကြောင်ထိုးခြင်း သို့မဟုတ် အရေပြားထိုးဖောက်တန်ဆာဆင်ခြင်း စသည့် တရားမဝင်ဆေးထိုးအပ်ကိရိယာများကို ဝေမျှဘုံသုံးစွဲခြင်း သို့မဟုတ် အသည်းရောင်ရောဂါ ပိုးဘီ ရှိသော သူ ပိုင်ဆိုင်သည့် အမွေးရိတ်ဓါးများ သို့မဟုတ် လက်သည်းညှပ်များကိုအသုံးပြုခြင်း မှ တဆင့် ကူးစက်စေပါသည်။

# အသည်းရောင်ရောဂါ ပိုးဘီ ၏ရောဂါလက္ခဏာများ

အသည်းရောင်ရောဂါ ပိုးဘီ သည် များသောအားဖြင့် ရောဂါလက္ခဏာများ မပြပါ၊ သို့သော်လည်း ကာလအချိန်အတိုင်းအတာတစ်ခုတွင်ပြသသည့်လက္ခဏာများမှာ -

- ပင်ပန်းနွမ်းနယ်ခြင်း
- အသည်းတွင် နာကျင်ခြင်း သို့မဟုတ် သက်သောင့်သက်သာမရှိခြင်း
- ကိုယ်အလေးချိန် ကျဆင်းခြင်း / ခံတွင်းပျက်ခြင်း
- အော့အန်ချင်စိတ်ဖြစ်နေခြင်း
- နှောက်ကျင့်ကျင့်ဆီးသွားခြင်း
- အသားအရေ နှင့် မျက်လုံးများ ဝါနေခြင်း (အသားဝါ)

**အသည်းရောင်ရောဂါ ပိုးဘီ ကို သင်၏ဆရာဝန် မှ တဆင့် ရိုးရိုးသွေးစစ်ဆေးခြင်းဖြင့် ရောဂါ ရှာဖွေဖော်ထုတ်နိုင်ပါသည်။**

# အသည်းရောင်ရောဂါ ပိုးဘီ အတွက် ကုသနည်း။

ဆေးဝါးတို့ဖြင့် အသည်းရောင်ရောဂါ ပိုးဘီ ကို ကုသနိုင်ပါသည်။ ငှင်းကုသနည်းတွင် နေ့စဉ် ဆေးသောက်ခြင်း နှင့် တစ်ပတ်လျှင် တစ်ကြိမ် အရေပြားအောက်၌ ဆေးထိုးခြင်း တို့ပါဝင်ပါသည်။ ဆေးကုသမှု ကို 12 လ သို့မဟုတ် တစ်သက်လုံး ကုသရန်ဖြစ်နိုင်သည်။ ကုသမှု ၏ရည်ရွယ်ချက်မှာ အသည်းရောင်ရောဂါ ပိုးဘီ ဗိုင်းရပ်စ်ပိုး ကို အင်အားချိနဲ့သွားအောင်လုပ်သည့်အတွက် သင်၏အသည်းကို ပျက်ဆီးစေအောင်မလုပ်နိုင်တော့ပါ။

**ထပ်ဆင့်အသည်းပျက်ဆီးမှု ကို ကာကွယ်ရန်အတွက် နေပုံထိုင်ပုံ ပြောင်းလဲမှုများ-**

ကျန်းမာသော စားသောက်ပုံကိုထိန်းသိမ်းပါ၊ (ရေ များများသောက်ပါ)
အရက် ကိုလျှော့ပါ သို့မဟုတ် အရက်ဖြတ်ပါ
သင်၏အသည်းကိုထပ်ဆင့်ပျက်ဆီးစေနိုင်သည့် ဆေးဝါးများကို ရှောင်ကျဉ်ပါ
အနားယူခြင်းကို များများလုပ်ပါ

# သင့် ဆရာဝန် နှင့် အသည်းအထူးကုဆရာဝန်ကြီး ဆီသို့ ပုံမှန်သွားတွေ့ပါ။

***အပြင်လူနာ ဆေးခန်းများ***

**Box Hill Hospital**
*တနင်္လာ 4pm – 6pm*

*ကြာသာပတေး 10.30am-12.30pm*

***Maroondah Hospital***

*Fri 1.30pm-3.30pm*

***ဆက်သွယ်ရန် / ရည်ညွှန်းစာ***

*ဖုံး 9094 9548*
*ဖက်စ် 9899 9137*

***စကားပြန်ဝန်ဆောင်မှုများ-***

*သင့်တွင် အင်္ဂလိပ်ဘာသာစကား အခက်အခဲရှိလျှင် သင့်ရက်ချိန်းများအတွက် စကားပြန်ကို ကျွန်ုပ်တို့ဝန်ထမ်းများက စီစဉ်ပေးနိုင်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ သင့်အိမ်မှကျွန်ုပ်တို့အားဆက်သွယ်နိုင်သည်- စကားပြန်ဝန်ဆောင်မှု ဖုံး 131450 ကိုဆက်၍ သင့်ဘာသာစကား ကိုပြောပြပြီး သင် ဆက်သွယ်လိုသည့် ဖုံးနံပါတ် နှင့် ဆက်သွယ်လိုသည့်သူ၏အမည်ကို ပေးပြီး အဆက်အသွယ်ရသည်အထိ စောင့်နေပါ။ စကားပြန်ဝန်ဆောင်မှုများ သည် သင့်အတွက် အခမဲ့ဖြစ်ပါသည်။*